# ဘုရားသခင်က လွယ်လွယ်ကလေး ကယ်တင်ပေးပုံ

## နိဒါန်း

၁ယော ၅း ၁၃ “ ဘုရားသခင်၏ သားတော်ကို ယုံကြည်သော သင်တို့သည် ထာဝရအသက်ကို ကိုယ်တိုင်ရသည်ဟု သိစေခြင်းငှါ၊ ဤအရာများကို သင်တို့အား ငါရေး၍ ပေးလိုက်၏။ ´

## ၁။ အားလုံး အပြစ်သားပါ။

ရောမ ၃း၁၀ `ကျမ်းစာလာသည်ကား ဖြောင့်မတ်သောသူမရှိ။ တယောက်မျှမရှိ။´
ရောမ ၃း၂၃ `လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ။´



**တို့အားလုံးဟာ အပြစ်ရှိသူတွေပါ။**

## ၂။ အပြစ်အတွက် ပေးဆပ်စရာရှိပါတယ်။

ရောမ ၆း၂၃ `အပြစ်တရား၏ အခကား သေခြင်းပေတည်း။

ဗျာဒိတ် ၂၁း၈ `ကြောက်တတ်သောသူ၊ မယုံကြည်သောသူ၊ စက်ဆုပ် ရွံရှာဘွယ်သောသူ၊ လူအသက်ကို သတ်သောသူ၊ မတရားသော မေထုန်၌ မှီဝဲသောသူ၊ ပြုစားတတ်သောသူ၊ ရုပ်ထုကို ကိုးကွယ်သောသူ၊ သစ္စာပျက်သောသူအပေါင်းတို့မူကား၊ဒုတိယသေခြင်းတည်းဟူသောကန့်နှင့်လောင်သော မီးအိုင်ထဲ၌ မိမိတို့အဘို့ကို ရကြလိမ့်မည်။´

## ၃။ အပြစ်တွေအတွက် သခင်ယေရှုခရစ်တော် အသေခံပေးခဲ့ပါပြီ။

ရောမ ၅း၈ ` ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည်ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။ ´

ရောမ ၁၄း၉ `ခရစ်တော်သည် သေသောသူတို့ကိုငှင်း၊ ရှင်သောသူတို့ကိုငှင်း၊ အစိုးရသောအရှင်ဖြစ်လိုသောငှါ အသေခံ၍၊ ခံပြီးမှ အသက်ရှင်ပြန်တော်မူ၏။ ´

ရောမ ၆း၂၃ `ဘုရားသခင် ပေးတော်မူသော ဆုကျေးဇူးတော်ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက်ပေတည်း။ ´



အပြစ်ရှိသူတွေအတွက် ခရစ်တော် အသေခံခဲ့ပြီ

## ၄။ ကယ်တင်တာက အခမဲ့ပါ။ ကိုယ်ကောင်းတာလုပ်လို့ မဟုတ်ဘူး။ ဘုရားသခင်ပြောတဲ့အတိုင်း သခင်ယေရှုတပါးတည်းကို အားကိုးပါ။

ဖေက် ၂း၈-၉ `ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။ ´

တိတု ၃း၅ `ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ၊ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၎င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၎င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။ ´

တမန် ၄း၁၂ `ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သောနာမ တစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ။´

# ၅။ အကယ်ခံရဖို့ သခင်ယေရှုကို ယုံကြည် အားကိုးပါ။

ရောမ ၁၀း၉-၁၀ `သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေ တော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။´

ရောမ ၁၀း၁၃ `ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။´

*အခုလို ရိုးရိုးကလေး ဆုတောင်းနိုင်ပါတယ်။ ဒီလိုဆုတောင်းတာက အကယ်ခံရဖို့ သခင်ယေရှုကို အားကိုးတယ်လို့ ဘုရားသခင်ကို ပြောလိုက်တာပါပဲ။ သခင်ယေရှုကို ယုံကြည် အားကိုးတာနဲ့ အကယ်ခံရတာပါ။*

ဘုရားသခင်-

ကျွန်တော်/ကျွန်မမှာ အပြစ်ရှိပါတယ်။ အပြစ်ဒဏ်ခံထိုက်ပါတယ်။ ဒါပေမယ့် သခင်ယေရှုက ကိုယ်စားအသေခံပေးပြီး ၃ ရက်မြောက်တဲ့နေ့မှာ အသက်ရှင်ပြန်ခဲ့ပါတယ်။ ယုံကြည်ပါတယ်။ အပြစ်ခွင့်လွှတ်တော်မူပါ။ သေရင် ကောင်းကင်ရောက်ဖို့ မ,စ တော်မူပါ။ အာမင်။